ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# "ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC) ၏ ၂၀၁၆ ခုနှစ် နှစ်သစ်ကူးသဝဏ်လွှာ"

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်။

ခရစ်သက္ကရာဇ် ၂၀၁၆ ခုနှစ်သစ်အချိန်အခါသမယတွင် တိုင်းပြည်ရှိ တိုင်းရင်းသားပြည်သူလူထုအပေါင်းတို့အနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိတို့တိုင်းပြည်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရပြီးချိန်မှ ယနေ့ထိတိုင် ပြည်တွင်းစစ်ဒဏ် နှင့် လူမှုစီးပွားဘဝ ချွတ်ခြုံကျမှုများကို ခါးသီးစွာရင်ဆိုင်ခံစားနေကြရဆဲဖြစ်သည်။ အဆိုပါအထွေထွေအကျပ်အတည်းမှ လွန်မြောက်နိုင်ရေးအတွက် မတူကွဲပြားသောတိုင်းရင်းသားလူမျိုးများအကြား တန်တူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ အပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးပင်ဖြစ်သည်။

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တိုင်းပြည်၏အခြေခံပြဿနာဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တပြိုင်နက်ဖော်ဆောင်ရပေမည်။ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲရေးအတွက် အဓိကစိန်ခေါ်ချက်နှင့် အဟန့်အတားမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အခွင့်ထူးခံဖြစ်နေသည့် မြန်မာ့တပ်မတော်ပင်ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲမှတဆင့် ဖြစ်ပေါ်လာမည့် အစိုးရအဖွဲ့သစ်အနေဖြင့် မြန်မာ့တပ်မတော်နှင့် စိန်ခေါ်မှုအပေါင်းတို့ကို ကျော်လွှားနိုင်ပြီး၊ ရွေးကောက်ပွဲကာလတွင် လူထုသို့ပေးခဲ့ကြသော ကတိကဝတ်များကိုလည်း အခြေခံအားဖြင့် ပြီးပြည့်စုံအောင်အကောင်အထည်ဖော် ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်၊ ထိုင်း-မြန်မာနယ်စပ်